**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**တိုင်းရင်းဆေးပညာဦးစီးဌာန**

စာအမှတ်၊ တဆပ/ဆ၀/၂၀၂၀ ( ၈၂၈ )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ဖေဖော်ဝါရီလ ၂၅ ရက်

သို့

ပြည်နယ်ဦးစီးဌာနမှူး
တိုင်းရင်းဆေးပညာဦးစီးဌာန
မွန်ပြည်နယ်

အကြောင်းအရာ။ **တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင်ကတ်ပြားများ ပေးပို့ခြင်း**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ခွင့်ပြုပြီးဖြစ်သော်လည်းကတ်ပြားလာရောက်ထုတ်ယူခြင်းမရှိသော တိုင်းရင်းဆေးဝါးမှတ်ပုံတင်(၁၆၅)စောင် နှင့်ထုတ်လုပ်ခွင့်လိုင်စင်(၃၁) စောင်၊ စုစုပေါင်း(၁၉၆)စောင်အနက် သက်တမ်းတိုးရန်ခွင့်ပြုသည့်ကာလ (၂)နှစ်(၆)လ (၂၀၁၇ခုနှစ်-ဇူလိုင်လမှ ၂၀၁၉ခုနှစ်-ဒီဇင်ဘာလထိ)အတွင်း အကျုံးဝင်သော မှတ်ပုံတင်/လိုင်စင်များအား ဗဟိုတိုင်းရင်းဆေးဝါး ကြီးကြပ်ရေးကော်မတီ အစည်းအဝေး(၄/၂၀၁၉) ဆုံးဖြတ်ချက် (၈-ည) အရ သက်ဆိုင်ရာပြည်နယ်ဦးစီးဌာနမှူးရုံးတွင် ထုတ်ပေးနိုင်ပါရန်အတွက် အောက်ဖော်ပြပါအတိုင်း လွှဲပြောင်းပေးပို့ပါသည်-

| | | | |
|---|---|---|---|
| (က) | တိုင်းရင်းဆေးဝါးမှတ်ပုံတင် (သက်တမ်းတိုး) | - | (၂)စောင် |
| ( ခ ) | တိုင်းရင်းဆေးဝါးမှတ်ပုံတင် (အသစ်) | - | (၂)စောင် |
| (ဂ) | တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်(သက်တမ်းတိုး) | - | (၁)စောင် |
| (ဃ ) | အထွေထွေခွင့်ပြု | - | (၁)စောင် |

၂။ ပြည်နယ်ဦးစီးဌာနမှူးသည် သက်ဆိုင်ရာဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းရှင်များသို့ ဆက်လက်အကြောင်းကြားဆောင်ရွက်ရန်၊ (၃)လအတွင်း လာရောက်ထုတ်ယူရန်အတွက် ခွင့်ပြုကြော်ငြာစာထုတ်ပြန်ရန်နှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား ပြန်လည်တင်ပြရန်၊ သတ်မှတ်ကာလအတွင်း ထုတ်ယူခြင်းမရှိပါကလုပ်ငန်းရှင်ထံသို့ ထပ်မံ၍ သတိပေးစာထုတ်ပြန်ရန် အကြောင်းကြားပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(ဒေါက်တာသံလွင်ထွန်း၊ အတွင်းရေးမှူး)
ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)၊တိုင်းရင်းဆေးပညာဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန
ညွှန်ကြားရေးမှူး(ဆေးဝါး/ဥယျာဉ်)၊တိုင်းရင်းဆေးပညာဦးစီးဌာန
ကြော်ငြာသင်ပုန်း/ရုံးလက်ခံ/မျှောစာတွဲ

DTM